# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 21, 2020 Volume 30, Number 9


## ဘဏ်များ၏ အနည်းဆုံး သီးသန့်ငွေ လိုအပ်ချက်အား ၃ ဒသမ ၅ ရာခိုင်နှုန်းသာ ထားရှိရန်နှင့် ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်ရာတွင် ငွေတိုက်စာချုပ်များ တန်ဖိုးကို ရာခိုင်နှုန်း ၉၀ အထိ ထည့်သွင်းတွက်ချက်ရန် ဗဟိုဘဏ် ပြင်ဆင်သတ်မှတ်



ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) ကို ၃ ဒသမ ၅ ရာခိုင်နှုန်းသာထားရှိရန်နှင့် ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်ရာတွင် ငွေတိုက်စာချုပ်များ တန်ဖိုးကို ၉၀ ရာခိုင်နှုန်းအထိ ထည့်သွင်းတွက်ချက်ရန် နိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက် အမှတ် ၆/၂၀၂၀ နှင့် ၇/၂၀၂၀ ဖြင့် ထုတ်ပြန်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ညွှန်ကြားသတ်မှတ်ခဲ့သော မြန်မာကျပ်ငွေဖြင့် ထားရှိ ရမည့် အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက် (Minimum Reserve Requirement) ပမာဏကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်တွင် ထုတ်ပြန်သောညွှန်ကြားချက်အမှတ် ၆/၂၀၂၀ ဖြင့် ယာယီပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁၀/၂၀၁၅ ဖြင့် ဘဏ်များက ထားရှိရမည့် အနည်းဆုံး သီးသန့်ငွေ လိုအပ်ချက်ကို အပ်ငွေစုစုပေါင်း၏ ၎င်းရာခိုင်နှုန်းထားရှိရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ COVID-19 ရောဂါနှင့်ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော လက်ရှိအခြေအနေအရ ပုဂ္ဂလိက ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို အထောက်အကူဖြစ်စေရန် မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို ဘဏ်နှင့်ဆက်သွယ်သူများ (Customers) အပ်ငွေစုစုပေါင်း၏ ၃ ဒသမ ၅ ရာခိုင်နှုန်းထားရှိရန် ပြင်ဆင်လျှော့ချ

### ၂၁.၄.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၈၈ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၂၅/- ကျပ် |
| CBM Rate | = ၁၄၂၉.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၁.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၁.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၀.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၁.၇၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ပြင်ဆင်လျှော့ချမှု ကာလအထိ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိဖြစ်ပြီး ပြင်ဆင်လျှော့ချသတ်မှတ်သည့် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်အောက် လျော့နည်း ထားရှိပါက ဘဏ်များသည် မူလသတ်မှတ်ချက်အတိုင်း ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၇) နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁၀/၂၀၁၇ ဖြင့် သတ်မှတ်ညွှန်ကြားခဲ့သော ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်သည့်ပုံစံအား ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၇/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အမိန့်ကြော်ငြာစာ ၁၉/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့သည့် ငွေကြေးလွယ်ကူမှုအချိုး သတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းအား ညွှန်ကြားချက်အမှတ် ၁၀/၂၀၁၇ ဖြင့် ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်သည့်ပုံစံအား ပြင်ဆင်ခဲ့သည်။ အဆိုပါ ညွှန်ကြားချက်အမှတ် ၁၀/၂၀၁၇ အရပြင်ဆင်ခဲ့သည့် ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်ရာတွင် သက်တမ်း တစ်နှစ်ထက်ပို၍ ကျန်ရှိသော ငွေတိုက်စာချုပ်များ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို ထည့်သွင်း တွက်ချက်ခြင်းအစား ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ ရက် မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ ကာလအတွင်း ၉၀ ရာခိုင်နှုန်း ထည့်သွင်းတွက်ချက်ရန် ပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်သည်။ အဆိုပါ ပြင်ဆင်ချက်မှလွဲ၍ ငွေကြေးလွယ်ကူမှုအချိုး သတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းပါ ကျန်အချက်များသည် ယခင်အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း နိုင်ငံတော်ဗဟိုဘဏ်က အသိပေး ကြေညာထားသည်။

ဘဏ်စနစ်တစ်ခုလုံး လုံခြုံခိုင်မာမှုရှိစေရန် ဘဏ်များက နိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေး ဌာနသို့ အစီရင်ခံစာများ ပေးပို့ရကြောင်း သိရသည်။ နေ့စဉ်ပေးပို့ရသည့် အစီရင်ခံစာများမှာ မတည်ရင်းနှီးငွေ၊ အပ်ငွေ၊ ချေးငွေ၊ ငွေလွှဲဆောင်ရွက်မှု၊ ဝင်ငွေနှင့်အသုံးစရိတ်၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ ပိုင်ဆိုင်မှု၊ ငွေဝင်/ငွေထွက်စာရင်း၊ အစမ်းရှင်းတမ်း အခြေအနေနှင့် နေ့စဉ်ထိန်းသိမ်းရမည့် နိုင်ငံခြားငွေကြေး အခြေအနေတို့ဖြစ်သည်။ အပတ်စဉ်ပေးပို့ရမည့် အစီရင်ခံစာမှာ ငွေကြေးလွယ်ကူမှု အချိုးဖြစ်သည်။ လစဉ်ပေးပို့ရမည့် အစီရင်ခံစာများမှာ ဝင်ငွေနှင့် အသုံးစရိတ် အခြေအနေ၊ လက်ကျန်ရှင်းတမ်း၊ မတည်ငွေရင်း လုံလောက်မှုအချိုးနှင့် ရရန်ပိုင်ခွင့် အမျိုးအစား ခွဲခြားခြင်းနှင့်လျာထားခြင်းစာရင်း၊ သုံးလတစ်ကြိမ်ပေးပို့ရမည့် အစီရင်ခံစာများမှာ ပမာဏကြီးမားသော ကြွေးမြီများစာရင်း၊ ကဏ္ဍအလိုက်ထုတ်ချေးထားသော ငွေစာရင်းနှင့် အာမခံအမျိုးအစားအလိုက်ချေးငွေစာရင်း၊ နှစ်စဉ်ပေးပို့ရသော အစီရင်ခံစာများမှာ ဘဏ်၏ နှစ်ချုပ်အစီရင်ခံစာ နှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာတို့ ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/169902

## ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း ၉ ဒသမ ၂၀ ရာခိုင်နှုန်းရှိပြီး ငွေကြေးဖောင်းပွမှုနှုန်း ကိုးလဆက်တိုက် ရှစ်ရာခိုင်နှုန်းအထက် မြင့်တက်နေ



၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း ၉ ဒသမ ၂၀ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်ဇန်နဝါရီတွင် ဖြစ်ပေါ်ခဲ့သည့် ငွေကြေး ဖောင်းပွမှုနှုန်းထက် ရာခိုင်နှုန်းအနည်းငယ် ဆက်လက်မြင့်တက်လာကြောင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ကိုးလဆက်တိုက် ရှစ်ရာခိုင်နှုန်းအထက် မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်သည့် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေတွင် ဖော်ပြထားချက်အရ သိရသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် တစ်နှစ်အတွင်း ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၉ ဒသမ ၂၀ ရာခိုင်နှုန်းဖြစ်ပြီး၂၀၂၀ ပြည့်နှစ် ဇန်နဝါရီရှိ ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၀၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်ထပ်မံမြင့်တက်လာခြင်းဖြစ်ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန် ထားသည်။




၂၀၁၈ ခုနှစ် ဧပြီမှစ၍ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ငွေကြေးဖောင်းပွမှုနှုန်း ၁၈ လဆက်တိုက် မြင့်တက်ခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာတွင် အနည်းငယ်ပြန်ကျကာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ၊၂၀၂၀ ပြည့်နှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီအထိ တစ်နှစ်ပျမ်းမျှ ၉ ဒသမ ၂၀ ရာခိုင်နှုန်းရှိပြီး နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) မှာ ၈ ဒသမ ၃၆ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်း ဒေသကြီးတွင် ၁၂ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့် ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး၌ ၁၁ ဒသမ ၈၉ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၁ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် တတိယ အမြင့်ဆုံး ဖြစ်ခဲ့ကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီး၌ ၁၄ ဒသမ ၁၉ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှုအများဆုံး ဖြစ်ပေါ်ခဲ့ပြီး ချင်းပြည်နယ်တွင် ၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက် တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာ အိမ်ထောင်စုပေါင်း ၃၂၆၆၉ ကို စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။ ယခင်က ၂၀၀၆ ခုနှစ်ကို အခြေခံ၍ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်ခဲ့သော်လည်း ယခုအခါ ၂၀၁၂ ခုနှစ် စစ်တမ်းအပေါ် အခြေခံ၍ အခြေခံနှစ် (Base Year) အား ပြောင်းလဲတွက်ချက် ခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီအထိ တစ်နှစ်ပျမ်းမျှ ၉ ဒသမ ၂၀ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ နှစ် ဇန်နဝါရီအထိ တစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၀၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၁၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ၂၀၁၈ ခုနှစ် မေမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီအထိ ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် မေတွင် ၄ ဒသမ ၂၉ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်း မြင့်တက်လာရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ၉ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျရန် ဘဏ္ဍာရေး၊ ငွေကြေး၊ ကုန်သွယ်ရေးနှင့် နိုင်ငံခြားငွေ ထိန်းချုပ်ရေး မူဝါဒများအပေါ် အခြေခံပြီး မပြတ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု ဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်) တွင် ဖော်ပြထားချက်အရ သိရသည်။ ငွေကြေးဖောင်းပွမှုနှုန်းသည် ပထမကာလတို ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် တိုးတက်ခဲ့ခြင်းကြောင့် ဒုတိယ ကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်) တွင် လက်ရှိဖြစ်ပေါ်နေသည့် ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျစေရေးအတွက် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် နိုင်ငံခြား ငွေထိန်းချုပ်ရေး မူဝါဒများအပေါ် အခြေခံ၍ ငွေကြေးဖောင်းပွမှုနှုန်း ထိန်းချုပ်ရေး ကိစ္စရပ်များအား မပြတ်မနေဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/169900

## COVID- 19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုများရှိနေသဖြင့် ခရီးသွားလုပ်ငန်းများမှ လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး ပေးဆောင်ခြင်းကို တစ်နှစ်ကင်းလွတ်ခွင့်ပြုမည်

နိုင်ငံအများအပြားတွင် ဖြစ်ပွားနေသော COVID- 19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုများရှိနေသဖြင့် ခရီးသွားလုပ်ငန်းများမှ လိုင်စင်ကြေး၊ လိုင်စစ်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းကို တစ်နှစ်

ကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ယင်းသို့ ကင်းလွတ်ခွင့်ပြုမည့်ကာလမှာ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်ကာလအထိ တစ်နှစ်တာကာလအတွက် ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ၂၀၁၈နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများဖွဲ့စည်း၍ ထိုကော်မတီများက သက်ဆိုင်ရာဒေသအလိုက် ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းများအတွက် လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများကို ကောက်ခံနေခြင်းဖြစ်သည်။

နိုင်ငံအများအပြားတွင် ဖြစ်ပွားနေသော COVID- 19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုများရှိနေသဖြင့် ခရီးသွားလုပ်ငန်းများမှ လိုင်စင်ကြေး၊ လိုင်စစ်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်မှ ၂၀၂၁ ပြည့်နှစ် မတ် ၃၁ ရက် ကာလအထိ တစ်နှစ်တာကာလအတွက် ကင်းလွတ်ခွင့်ပြုခြင်းဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ "Outbound Tour တွေအတွက် ခရီး သွားကုမ္ပဏီအများစုက သင်္ကြန်ကာလမှာ လေကြောင်းလိုင်းတွေကို ထိုင်ခုံတွေ ဘိုကင်တင်ထားရပါတယ်။ အဲဒီလို ဘိုကင်တင်ပြီး Deposit ပေးချေထားမှသာ ခုံရဖို့သေချာပါတယ်။ ဒါပေမဲ့ အခု COVID- 19 ကြောင့် ခရီးစဉ်တွေ ဖျက်သိမ်းလိုက်ရတော့ ကုမ္ပဏီတွေအနေနဲ့ ပေးထားပြီးဖြစ်တဲ့ Deposit တွေကို ပြန်လည်ရရှိဖို့ လေကြောင်းလိုင်းတွေနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်နေရတာဖြစ်ပါတယ်။ ဒီလိုညှိနှိုင်းရာမှ Full Service Carrier လေကြောင်းလိုင်းတွေက Deposit ပေးချေထားတာတွေကို ပြန်ပေးဖို့ သဘောတူညီမှုရရှိထားပြီးဖြစ်ပါတယ်။ အခြား Low Cost လေကြောင်းလိုင်းအချို့ကတော့ ရှုံးချုပ်နဲ့ပြန်ပြီး ညှိနှိုင်းမှုတွေလုပ်နေတယ်လို့ပြောပါတယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က ပြောကြားသည်။

COVID- 19 ကြောင့် ကျဆင်းနေသည့် မြန်မာ့ခရီးသွားလုပ်ငန်းနယ်ပယ်၌ ကျွမ်းကျင်လုပ်သားဦးရေ သိန်းချီ အလုပ်လက်မဲ့မဖြစ်စေရန် ချေးငွေအမေရိကန် ဒေါ်လာ ၃၅ သန်းခန့် ရယူရန် တင်ပြထားကြောင်း နိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်းမှ သိရသည်။ COVID- 19 ရောဂါကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းမှာ ကျဆင်းနေပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များမှ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရန် နိုင်ငံတော်မှ အတိုးမဲ့ချေးငွေများ ခွင့်ပြုပေးရန်၊ အခွန်ဆောင်ရမည့် အချိန်ကာလအား နောက်ဆုတ်ပေးရန်အပါအဝင် အချက်သုံးချက်အား မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များ အသင်းမှ နိုင်ငံတော်သို့ တင်ပြထားကြောင်းသိရသည်။

လက်ရှိအချိန်တွင် COVID- 19 ရောဂါကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းမှာ ရာခိုင်နှုန်း ၈၀ အထိကျဆင်းနေပြီး သုညရာခိုင်နှုန်းအထိ ထိုးဆင်းမည့် အလားအလာများရှိနေကြောင်းသိရသည်။ COVID- 19 ရောဂါကြောင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှနိုင်ငံခြားသားခရီးသွား ဝင်ရောက်မှု ယခင်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့် ကျဆင်းခဲ့ခြင်းဖြစ်သည်။ COVID- 19 ရောဂါကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းကျဆင်းနေပြီး ဟိုတယ်လုပ်ငန်းရှင်များမှ ဝန်ထမ်းလစာ မပေးနိုင်ခြင်းများမဖြစ်စေရန် နိုင်ငံတော်မှ အတိုးမဲ့ချေးငွေချေးယူရန် တင်ပြလာသည့် ဟိုတယ် လုပ်ငန်းရှင်ပေါင်း ၆၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကျော်ဦး၏ ပြောကြားချက်အရ သိရသည်။

**Source:** https://news-eleven.com/article/169897

## မွန်ပြည်နယ် နေလှန်းဆားရာသီကုန်ချိန် ပြိုင်ဆိုင်ရောင်းချမှုကြောင့် ဆားကြမ်းတစ်ပိဿာ ကျပ် ၇၀ ခန့်ရရှိနေပြီး ယခင်နှစ်ကာလတူထက် ထက်ဝက်လျော့ဟုဆို



မွန်ပြည်နယ် နေလှန်းဆားရာသီကုန်ချိန်တွင် ငွေလိုအပ် ခြင်းနှင့် အထွက်ကောင်းပြီး ထားရန် ဂိုဒေါင်မဆံ့၍ အပြိုင်ရောင်းချမှုကြောင့် ဆားကြမ်းတစ်ပိဿာ ကျပ် ၇၀ ခန့် ရရှိနေရာ ယခင်နှစ်ကာလတူထက် ထက်ဝက်လျော့ကြောင်း ဒေသခံဆားတောင်သူများထံမှ သိရသည်။ "နေတော့ပူတယ်၊ ဆားအထွက်ကောင်းပေမယ့် ဈေးမကောင်းဘူး၊ တစ်ပိဿာကျပ် ၇၀၊ ၈၀ကျော်နဲ့ပဲရောင်းနေရတယ်၊ မနှစ်ကဈေးနဲ့ဆိုရင် တစ်ဝက်လောက်ဟာသွားပါတယ်၊ ထုတ်လုပ်တဲ့စရိတ် အရင်းလောက်ပဲရှိတယ်၊ ဘာလို့အရင်းနဲ့ ရောင်းရသလဲဆိုရင် ဒီအချိန်မှာ ဆားသိမ်းကျုံးဖို့ ကုန်ကျစရိတ်က ရှိနေတယ်၊ ဆားကျုံးသမားခ၊ အလုပ်သမားခ၊ ဆီဖိုး၊ ကားခတို့ရှင်းရမှာ ငွေလိုပြီးရောင်းရတာပေါ့၊ မရောင်းရင် ငွေမလည်ဘူး၊ အဲဒီတွက် ဆားပိဿာတစ်သိန်းဂိုဒေါင်ထဲရောက်ဖို့က ငွေ ၁၀ သိန်းကျော်ကုန်ပါတယ်။ ဒီနှစ်က ဆားထွက်ကောင်းတော့ တချို့တောင်သူတွေက မှန်းထားတာထက် ပိဿာ ငါးသိန်း၊ ၁၀ သိန်း ပိုထွက်လာကြတယ်။ ကိုယ့်မှာ မှန်းထားတဲ့ ပိဿာ သိန်း ၂၀ လောက်ပဲ ဂိုဒေါင်ကရှိတယ်၊ ထည့်လို့မဆံ့တာကို ပြန်ရောင်းရတာမျိုးလည်း ရှိကြတယ်၊ အဲလို အပြိုင်ရောင်းနေတာမို့လို့ ဝယ်သူဈေးကွက် သူတို့ပေးတဲ့ ဈေးနဲ့ရောင်းရတော့ အရင်းလောက်ဖြစ်သွားပါတယ်" ဟု ပေါင်မြို့နယ် ထန်းပင်ချောင် ကျေးရွာဆား တောင်သူတစ်ဦးက ပြောကြားသည်။

မွန်ပြည်နယ်တွင် ယခုနှစ် ဆားလုပ် ဧက ၄၅၀၀ နီးပါးဖြင့် ဆားကြမ်းမက်ထရစ် တန် ၄၅၀၀၀ ခန့် ထွက်ရှိမည်ဖြစ်ရာ ဒေသတွင်း စားသုံးမှုအတွက် တန် ၁၀၀၀၀သာ လိုအပ်ပြီး ပိုလျှံဆားကြမ်းတို့ကို ဈေးကွက်ရှိသည့် စားပွဲတင် ဆား၊ ပြည်ပတင်သွင်းနေရသည့် အဆင့်မြင့် ဓာတုကုန်ကြမ်းဆားများကို ပုဂ္ဂလိက၊ သမ၊ အစိုးရတို့က လုပ်ဆောင်ခြင်းဖြင့် အလုပ်သမားသောင်းကျော် မှီခိုနေရသည့် မိရိုးဖလာ နေလှန်းဆားလုပ်ငန်း ရှင်သန်မည်ဖြစ်ကြောင်း မော်လမြိုင်မြို့မှ ဆားကုန်သည်တစ်ဦးကဆိုသည်။ မွန်ပြည်နယ်နှင့် အခြားဆားထွက်ရာဒေသတွင် ဆားဈေးနှုန်းကျခြင်းနှင့် နှစ်စဉ်ကြုံတွေ့နေရာ၊ အဆင့်မြင့် ဆားထုတ်လုပ်ခြင်းဖြင့် ပြည်ပဆားဝင်ရောက်မှုကို အစားထိုးနိုင်ပြီး ဆားကြမ်းဈေးကွက် တည်ငြိမ်မည်ဖြစ်၍ အဆင့်မြင့် ကုန်ချောစက်ရုံကို စုပေါင်းလုပ်ဆောင်သည့် အခွင့်လမ်းကိုရွေးချယ်ရန် အခြေနေကောင်းဖြစ်ကြောင်း မွန်ပြည်နယ် ဆားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းထိန်က မတ်လက မွန်ပြည်နယ်တွင်ပြုလုပ်သည့် ဆားများဈေးကွက်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/169890

## ပြည်ပနိုင်ငံများမှ အော်ဒါမှာယူမှုမရှိတော့၍ ဗီယက်နမ် အထည်ချုပ်လုပ်ငန်းများ အထိနာ



ပြည်ပနိုင်ငံများမှ အော်ဒါ(အမှာစာ) မှာယူမှုမရှိတော့၍ ဗီယက်နမ်နိုင်ငံ၏ အထည်အလိပ်လုပ်ငန်းထဲတွင် ထိခိုက်မှုများနှင့် ကြုံတွေ့ရလျက်ရှိကြောင်းသိရသည်။ ယင်းအခြေအနေက အထည်ချုပ်လုပ်ငန်း အများအပြားအတွက် ကြီးမားလှသည့် ဆုံးရှုံးမှုဖြစ်လာစေနိုင်ပြီး လက်ရှိအခြေအနေကြောင့် လုပ်ငန်းတွင်း အလုပ်သမား ၅၀,၀၀၀ ခန့်အထိ အလုပ်မရှိ၍ ခွင့်ယူရမည့်ကိန်း ဆိုက်သွားနိုင်သည်ဟု လုပ်ငန်းတွင်း ဦးဆောင်သူလုပ်ငန်းတစ်ခုဖြစ်သည့် Vinatex က ခန့်မှန်းသွားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ ဆိုးကျိုးသက်ရောက်မှုများ ဆက်ရှိနေပါက လုပ်ငန်းအများအပြား ဖျက်သိမ်းသွားရနိုင်သည်ဟုလည်းသိရသည်။ ယင်းအခြေအနေက ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး

အပေါ် ခြိမ်းခြောက်လျက်ရှိသလို Zara နှင့် H&M တို့ကဲ့သို့ လုပ်ငန်းကြီးများကို ထောက်ပံ့ဖြည့်ဆည်းပေးထားသော ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (global supply chain) ကိုလည်း ခြိမ်းခြောက်နေသည်ဟုသိရသည်။ "လက်ရှိအခြေအနေ အတိုင်းသာဆိုရင် အလုပ်အကိုင် ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအကြားလောက်ဟာ မေလမတိုင်ခင် ပျောက်ကွယ်သွား ပါလိမ့်မယ်" ဟု Vinatex ၏ စီအီးအို Le Tien Truong က ပြောသွားသည်။ ယင်းကုမ္ပဏီသည် ဗီယက်နမ်တွင် စက်ရုံပေါင်း ၂၀၀ ခန့် ရှိနေပြီး လုပ်ငန်းအုပ်စုအတွင်း အလုပ်သမားပေါင်း ၁၀၀,၀၀၀ ကျော် ရှိနေသည်ဟုသိရသည်။

ကိုရိုနာဗိုင်းရပ်စ်သစ်၏ သက်ရောက်မှုက ဖေဖော်ဝါရီလတွင် ပထမဆုံးအကြိမ် စတင်ပေါ်ပေါက်ခဲ့ပြီး ယင်းအချိန်က တရုတ်အထည်များ ဝယ်ယူမှုပိုင်း ရပ်ဆိုင်းသွားခဲ့ခြင်း ဖြစ်သည်။ ယင်းနောက် မတ်လတွင် ပုံမှန်အခြေအနေသို့ ပြန်လည်စတင် ရောက်ရှိလာခဲ့သော်လည်း ဒုတိယလှိုင်းတစ်ခုက အဆိုပါ အထည်အလိပ်လုပ်ငန်းကို တဖန် ပြန်လည်ရိုက်ခတ်ခဲ့ခြင်း ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ဝယ်ယူအားပေးသူ (consumer) အများအပြားတို့လည်း နေအိမ်တွင် နေထိုင်ရန် ညွှန်ကြားခြင်း ခံထားရခြင်းနှင့်အတူ အမေရိကန်နှင့် ဥရောပဒေသတို့တွင် အဝတ်အထည် ဝယ်လိုအားပိုင်း ကျဆင်းထားခဲ့သည်။ အဝတ်အစား ရောင်းချသူများကလည်း ယခင် အော်ဒါများကို ဖျက်သိမ်းခဲ့ကြသလို အော်ဒါအသစ်မှာယူမှုများကိုလည်း ရပ်ဆိုင်းထားခဲ့ကြကြောင်းသိရသည်။ ဗီယက်နမ်တွင်လည်း ဟနွိုင်းကဲ့သို့ မြို့ကြီးများတွင် မလိုအပ်ဘဲ ခရီးသွားလာခြင်းများ အပေါ် တားမြစ်ထားသည်။ စက်ရုံများကို ဆက်ဖွင့်ခွင့်ပြုထားဆဲဖြစ်သော်လည်း အော်ဒါများ ဝင်မလာတော့ဘဲဖြစ်နေကြောင်း သိရသည်။

**Source:** http://www.mizzimaburmese.com/article/69144

## သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန် ရေနံဈေးနှုန်း သုညဒေါ်လာအောက်ကျဆင်း



အမေရိကန်ရေနံဈေးနှုန်းများသည် သမိုင်းတစ်လျှောက် ပထမဆုံး အကြိမ်အဖြစ် အနုတ်နယ်နမိတ်ထဲသို့ ထိုးစိုက်ကျသွားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာစေခဲ့သည့် ဝယ်လိုအား အငွေ့ပြန်ပျောက်ပျက်မှုနှင့်အတူ ယခုအခါ ကမ္ဘာတွင် ရေနံများအလျှံပယ်ဖြစ်စေခဲ့ပြီး သိုလှောင်မှုနေရာ အလုံအလောက် မရှိဘဲ ဖြစ်ကာ ကျန်ရစ်စေလျက်ရှိသည်။ ဆိုလိုသည်မှာ ရေနံထုတ်လုပ်သူ များသည် ၎င်းတို့၏ ထုတ်လုပ်ထားမှုများကို ၎င်းတို့လက်ထဲမှ အစွန့်ထုတ်ရောင်းနိုင်ရန်အလို့ငှာ ဝယ်သူများကို ငွေပြန်ပေး နေရခြင်းပင်ဖြစ်သည်။

အမေရိကန် ရေနံစံသတ်မှတ်ချက် West Texas Intermediate (WTI) သည် ရေနံဈေးကွက်များထဲ ပရမ်းပတာ အခြေအနေများ ဖြစ်ပေါ်သည့် နေ့တစ်နေ့တွင် တစ်စည်လျှင် အနိမ့်ဆုံး အနုတ် ၄၀ ဒသမ ၃၂ ဒေါ်လာဖြင့် ရောင်းဝယ်ခဲ့ ရသည်။ ဧပြီ ၂၀ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှအရောင်းအဝယ်ဈေးနှုန်းသည် အနုတ် ၃၇ ဒသမ ၆၃ ဒေါ်လာ ဖြစ်ပြီး ယင်းကို ပြီးခဲ့သည့် ဧပြီ ၁၇ ရက်က ဒေါ်လာ ၁၈ ဒသမ ၂၇ နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ အရောင်းအဝယ်ပြုလုပ်သူ (ကုန်သည်) များအနေဖြင့်လည်း Okalahoma ပြည်နယ် Cushion မြို့ရှိ အဓိက ရေနံ ဖြန့်ဖြူးပို့ဆောင်မှုနေရာ အပါအဝင် အမေရိကန်နိုင်ငံ တဝန်း သိုလှောင်မှုဆိုင်ရာ ဝင်ဆံ့မှုပိုင်းတွင် အကန့်အသတ်ဖြင့်သာ လုပ်ဆောင်နိုင်ခွင့်ရှိသည့်အခြေအနေနှင့် ရင်ဆိုင် အတွေ့မှာပင်အရှုံးပေးခဲ့ရသည်။ ရေနံလုပ်ငန်းကဏ္ဍကို အကာအကွယ်ပေးရန်အလို့ငှာ အပြင်းအထန်ကြိုးပမ်းအားထုတ် ထားခဲ့သည့် သမ္မတ ဒေါ်နယ်ထရမ့်အတွက်လည်း ယခုရေနံဈေးနှုန်းများ ပြိုလဲကျဆင်းခြင်းက အဓိကထိုးနှက်ချက်တစ်ခု ဖြစ်လာစေခဲ့သည်။ ထရမ့်အနေဖြင့် ရေနံထုတ်လုပ်မှုလျှော့ချရေးအတွက် အိုပက်နှင့်ရုရှားတို့၏ လုပ်ဆောင်ချက်များကို ထောက်ခံအားပေးခြင်းနှင့် လုပ်ငန်းကို ပံ့ပိုးထောက်ကူမည်ဟု ကတိပြုခြင်းတို့ကို လုပ်ဆောင်ထားခဲ့သူ ဖြစ်သည်။

ဈေးနှုန်းများ ကျဆင်းမှု ဖြစ်ပေါ်ပြီးနောက် မစ္စတာ ထရမ့်က ကုန်သွယ်မှုဆိုင်ရာ သိုလှောင်ရုံများတွင် သိုလှောင်ထားရှိရန် နေရာတစ်နေရာ ရှာတွေ့နိုင်ခြင်းမရှိသည့် အပိုရေနံများကို ထိန်းသိမ်းသိုလှောင်ရန်အတွက် ဖက်ဒရယ်ထိန်းချုပ်သည့်

မဟာဗျူဟာကျ ရေနံအရန်သိုလှောင်ထားရှိရာနေရာကို ဖွင့်လှစ်မည့်အစီအစဉ်များကို ထပ်လောင်းပြောဆိုသွားသည်။ အိမ်ဖြူတော်က အဆိုပါ အိုင်ဒီယာကို လွှန်ခဲ့သည့် သီတင်းပတ်အနည်းငယ်က ပထမဆုံး စတင်အဆိုပြုခဲ့ချိန်တွင် ရေနံစိမ်းကို ဖက်ဒရယ်ဘက်က ဝယ်ယူမှုအတွက် ငွေကြေးမတည်ရန် ကွန်ဂရက်ကငြင်းဆန်ခဲ့သည်။ သို့သော် သိုလှောင်နိုင်စွမ်းနှင့် ပတ်သက်၍ ထုတ်လုပ်သူများထံအငှားချနိုင်မည့် ဖြစ်နိုင်ခြေအလားအလာများကို အမေရိကန်စွမ်းအင်ဌာနက စဉ်းစား သုံးသပ်လျက်ရှိသည်။ “ကျွန်တော်တို့ရဲ့ အမျိုးသားရေနံအရန်ထားရှိမှုတွေကို ဖြည့်နေပါတယ်၊ မဟာဗျူဟာကျ အရန် ရေနံတွေပေ့ါ၊ ဒီ အရန်ရေနံထားရှိမှုမှာ အမြင့်ဆုံးအမှတ်ဆီ ရောက်တဲ့အထိ စည်ပေါင်း ၇၅ သန်းအထိ ဖြည့်ဖို့ ကျွန်တော်တို့ လုပ်နေပါတယ်” ဟု ထရမ့်က ၎င်း၏ တစ်နေ့တာ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောသွားသည်။ “ဒါကို ဝယ်ဖို့ ခွင့်ပြုချက် တောင်းသွားပါမယ်၊ ဒါမှလည်း အဲဒါကို ကျွန်တော်တို့ သိုလှောင်ထားပါတယ်၊ တစ်နည်းမဟုတ် အခြားတစ်နည်းပေ့ါ၊ အဲဒါက ပြည့်သွားပါလိမ့်မယ်” ဟု ထရမ့်ကပြောသွားသည်။ Shale ရေနံလုပ်ငန်းသည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အမေရိကန်ကို ကမ္ဘာ့အကြီးဆုံး ရေနံထုတ်လုပ်သူအဖြစ် အသွင်ပြောင်းလဲဖြစ်ပေါ်စေခဲ့သည်။ ယင်းက အမေရိကန်သမ္မတ ကိုလည်း “အမေရိကန်စွမ်းအင် ကြီးစိုးခြယ်လှယ်မှု” ဆိုသည့် နိုင်ငံခြားရေးမူဝါဒ လက်နက်တစ်ခုကို အပ်နှင်းပေးခဲ့သည်။ သို့သော် ယခုအခါ ယင်းသည် လျင်မြန်သောကျဆင်းမှုတစ်ခုနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

ကမ္ဘာ့ အဓိက စီးပွားရေးအင်အားကြီး နိုင်ငံ အများအပြားတွင် လော့ခ်ဒေါင်းချမှတ်မှုများကြောင့်လည်း ရေနံစိမ်း ဝယ်လိုအားကို အများဆုံး သုံးပုံ တစ်ပုံအထိ ထိုးဆင်းကျစေခဲ့ပြီးနောက်ပိုင်း အနုတ်ပြသည့် ဈေးနှုန်းများက ရေနံကဏ္ဍအပေါ် ရိုက်ခတ်နေသည့် အကျပ်အတည်း၏ နက်ရှိုင်းမှုအတိုင်းအတာကို နောက်ဆုံး ထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်သည်။ ၎င်း မြင်တွေ့ထားခဲ့ရသမျှတွေအနက် မျှော်လင့်အားရဖွယ်ရာ မရှိဆုံးသော ရေနံအလားအလာ မြင်ကွင်းဆိုပြီး Jefferies ၏ အကဲဖြတ်တစ်ဦးဖြစ်သည့် Jason Gammel ပြောသလို အခြေအနေတစ်ရပ်နှင့် ယခု ရေနံလုပ်ငန်းသည် ရင်ဆိုင်နေရပြီဖြစ်သည်။ ရေနံအရောင်းအဝယ် စာချုပ်အားလုံး အနုတ် နယ်နမိတ်အတွင်း အရောင်းအဝယ်ပြုလုပ်နေရခြင်း မဟုတ်ပေ။ နိုင်ငံတကာ စံသတ်မှတ်ချက် Brent ရေနံသည် ဧပြီ ၂၀ ရက်က ၈ ဒသမ ၉ ရာခိုင်နှုန်း တန်ဖိုးကျဆင်းပြီး တစ်စည်ကို ဒေါ်လာ ၂၅ ဒသမ ၅၇ ကို ကျဆင်းခဲ့သည်။ သို့သော် ယင်းသည် သိုလှောင်မှုပြဿနာများဖြင့် ချက်ချင်း ဖိစီးခံရခြင်း မရှိပေ။ Brent သည် ပင်လယ်ရေကြောင်းတွင် ပို့ဆောင်ရသော ရေနံတစ်မျိုး ဖြစ်ပြီး အရောင်းအဝယ် ပြုလုပ်သူများအနေဖြင့် ယင်းကို ဝယ်လိုအားမြင့်မားသော ဒေသများသို့ အလွယ်တကူပင် ပို့ဆောင်နိုင်သသည်။ “Brent ကျတော့ ခင်ဗျားအနေနဲ့ ဒါကို သင်္ဘောတွေပေါ် တင်လို့ရနိုင်ပါတယ်၊ ပြီးတော့ ကမ္ဘာအနှံ့ချက်ချင်း ရွှေ့ပြောင်းပို့ဆောင်လို့ရပါတယ်၊ဒါပေမယ့်လည်း Cushion က သိုလှောင်ကန်တွေကတော့ မေလမှာ ပြည့်သွားပါလိမ့်မယ်” ဟု Energy Aspects မှ Amrita Sen က ပြောသည်။

ဇွန်လတွင် ပေးပို့ရမည့် WTI စာချုပ်များတွင် ၁၄ ဒသမ ၇ ရာခိုင်နှုန်း တန်ဖိုးဆုံးရှုံးခဲ့သော်လည်း တစ်စည်ကို ဒေါ်လာ ၂၀ အထက်တွင် ဆက်ထိန်းထားနိုင်သည်။ သို့သော် ယင်းသည် နောက်ထပ် ဆုံးရှုံးမှုများနှင့် ကြုံရနိုင်ကြောင်း အရောင်းအဝယ်ပြုလုပ်သူများက သတိပေးခဲ့သည်။ WTI နှင့် Brent စံသတ်မှတ်ချက်များသည် ဇန်နဝါရီလက တစ်စည်ကို ဒေါ်လာ ၆၅ ၏ အထက်တွင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် အမေရိကန်တွင် ရေနံသိုလှောင်မှုပိုင်းဆိုင်ရာ ဝင်ဆံ့မှုပမာဏသည် နှစ်ပတ်အတွင်း ကုန်ခန်းသွားမည်ဟု မျှော်လင့်ကြောင်းနှင့် နိုင်ငံ၏ ရေနံသုံးစွဲမှုပြိုလဲခြင်းသည် အရှိန်မြန်ဆန်လာလိမ့်မည်ဖြစ်ကြောင်း ရေနံဈေးကွက်ဆိုင်ရာ သတင်းဌာန The Schork Report ၏ အယ်ဒီတာ Stephen Schork က ပြောသည်။ ထို့ပြင် အလုပ်လက်မဲ့ဦးရေ သိသိသာသာ မြင့်တက်လာခြင်းနှင့်အတူ အမေရိကန်တွင် ကားမောင်းနှင်သူဦးရေ နည်းပါးလာမည်ဖြစ်သဖြင့် ဓာတ်ဆီဝယ်လိုအားကို ယင်း၏ အမြင့်ဆုံးရောက်သည့် နွေရာသီကာလများအတွင်းမှာပင် ထိခိုက်မှုများ ဖြစ်လာစေလိမ့်မည်ဖြစ်ကြောင်း Mr Schork က ထပ်လောင်းပြောသွားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် နက်နဲသည့်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုတ်ယုတ်မှုတစ်ခုကို ဖြစ်စေ လိမ့်မည်ဆိုသည့် အလားအလာတစ်ခုကြောင့် ရေနံစိမ်း ဈေးနှုန်းများသည် ယခုနှစ်အတွင်း ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူအရေအတွက်သည် ဧပြီ ၂၀ ရက်အထိ ၂ ဒသမ ၄ သန်း ရှိနေပြီး သေဆုံးသူ ၁၆၅,၀၀၀ ကျော် ရှိနေကြောင်း Johns Hopkins တက္ကသိုလ်၏ ဒေတာအချက်အလက်များအရသိရသည်။

**Source:** http://www.mizzimaburmese.com/article/69161

## အမေရိကန်နည်းတူ ဥရောပလုပ်ငန်းများ တရုတ်နိုင်ငံမှရွှေ့ပြောင်းနေကြ



ကုန်သွယ်ရေးစစ်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေး ကွင်းဆက်များကို အပြည့်အဝပြန်လည်ပုံသွင်းလျက်ရှိပြီး တရုတ်၏ ကုန်ထုတ်လုပ်မှုကို ထိခိုက်နစ်နာစေသည်။ ထိုသို့လုပ်ဆောင်ရာ၌ အမှားတစ်စုံတစ်ရာ မပြုလုပ်သင့်ပေ။ အရည်အသွေးထိန်းချုပ်မှုနှင့် ထောက်ပံ့မှုကွင်းဆက် စာရင်းစစ် (Quality Control and Supply Chain Auditor–QIMA) အဖွဲ့၏ စစ်တမ်းအရ တရုတ်မှထွက်ခွာသော အမေရိကန်ကုမ္ပဏီများသည် ၈၀ ရာခိုင်နှုန်းရှိပြီး ဥရောပသမဂ္ဂအခြေစိုက်ကုမ္ပဏီ ၆၇ ရာခိုင်နှုန်းရှိသည်။

ပြည်မကြီးမှ ထုတ်လုပ်သူများသည် အခွန်နှင့်ဆက်နွယ်သော ကုန်ကျစရိတ်များကြောင့် နိုင်ငံခြားမှဖောက်သည်များ ပိုမိုမြန်ဆန်စွာဆုံးရှုံးခြင်း သို့မဟုတ် အခွန်ရှောင်ရန်အတွက် တရုတ်ပြည်ပ၌ ၎င်းတို့၏ ကုန်ထုတ်လုပ်မှုအချို့ကို လုပ်ဆောင်ခြင်းတို့ကြောင့် တရုတ်ပြည်အခြေစိုက်လုပ်ငန်းများ၏ ဝယ်လိုအားမှာ ၁၃ % ကျဆင်းခဲ့သည်။ ဥရောပကုမ္ပဏီများသည် တရုတ်သွင်းကုန်များအပေါ် အကောက်ခွန် မလျှော့သည့်အတွက် ကုန်သွယ်ရေး စစ်ပွဲကြောင့် ထိခိုက်မှုနည်းသည်။ သို့သော် တရုတ်၏ထုတ်လုပ်မှုအပေါ် မှီခိုအားထားမှု လျှော့ချရန် ကိုယ်စီ အကြောင်းပြချက်များရှိသည်ဟု QIMA က ယူဆထားသည်။ ဥရောပကုမ္ပဏီ အများစုသည် အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများတွင် ရင်းမြစ်ရှာဖွေထုတ်လုပ်နေကြသည်။ လက်ရှိကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက် အနှံ့အပြား၌ရှိနေမှုသည် စုပေါင်းရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများစွာဖန်တီးပေးပြီး ဗီယက်နမ်ကဲ့သို့သောနိုင်ငံများတွင် ဈေးကွက်သစ်များ ဖြစ်ပေါ် လာစေသည်။ QIMA အဖွဲ့၏ သုံးလပတ်အစီရင်ခံစာကို ပြီးခဲ့သည့်အပတ်ကထုတ်ပြန်ခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် ထောင်ပေါင်းများစွာသော စစ်ဆေးမှုများနှင့် စားသုံးသူထုတ်ကုန်ကဏ္ဍများမှကုမ္ပဏီ ၁၅၀ ကျော်၏ စစ်ဆေးခြင်းများမှတဆင့် ကောက်ယူရရှိသော မြေပြင်အချက်အလက်များကို ပေါင်းစပ်ရေးသားထားသည်။ ကုန်သွယ်ရေးစစ်ပွဲသည် နိုင်ငံမျိုးစုံအခြေစိုက်သော တရုတ်နှင့်အမေရိကန်ကုမ္ပဏီကြီးများကို အထိန်းအကွပ်မဲ့အခြေအနေသို့ရောက်ရှိစေခဲ့သည်။ နှစ်နိုင်ငံစလုံးသည် ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်ကဲ့သို့သောနိုင်ငံများမှ ကုန်ပစ္စည်း ရင်းမြစ်များကို နှစ်ပေါင်းများစွာရှာဖွေနေကြသည်။ အထူးသဖြင့် အဝတ်အထည်များတွင် တရုတ်နိုင်ငံတွင် ပြုလုပ်သည်ဟူသော စာတမ်းအစား ဗီယက်နမ်တွင်ပြုလုပ်သည်ဟူသော စာတမ်းများကို တွေ့မြင်ရဖွယ်ရှိသည်။

တရုတ်၏လုပ်အားခများသည် မြင့်တက်လာပြီး အစိုးရကလည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေများကို အနောက်နိုင်ငံများကဲ့သို့ ကျင့်သုံးလာသည့်အတွက် နိုင်ငံခြားကုမ္ပဏီများထွက်ခွါ ရွှေ့ပြောင်းသွားခြင်းဖြစ်သည်။ အဆိုပါစနစ်မျိုးမရှိသည့် အရှေ့တောင်အာရှနိုင်ငံငယ်များတွင်မူ တရုတ်နိုင်ငံသည် လုပ်အားခသက်သာသော လုပ်သားများနှင့် လုပ်ကိုင်နေကြပြီး ညစ်ညမ်းမှုနှင့် အလုပ်သမားအခွင့်အရေးများကို လျစ်လျူရှုခဲ့သည်။ နောက်ဆုံး QIMA စစ်တမ်းတွင်ပါဝင်ဖြေဆိုသူ အကောက်ခွန်ဒဏ်ခံရသည့် အမေရိကန်ကုမ္ပဏီ ၇၅ % ကျော်က လုပ်ငန်းအပေါ် အဆိုးရွားဆုံး သက်ရောက်မှုများအနက် ဆက်စပ်ကုန်ကျစရိတ်များသည် တစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် စီစဉ်ထားသည်ထက် ပိုမိုဆောလျင်စွာ ရွှေ့ပြောင်းခြင်း ရွှေ့ပြောင်းရန် စီစဉ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ဥရောပနိုင်ငံများသည်လည်း အလားတူပင်ဖြစ်သည်။ EU စီးပွားရေးလုပ်ငန်းများသည် တရုတ်နှင့်ကုန်သွယ်ရေးစစ်ကြောင့် ထိခိုက်မှုနည်းသည်။ စစ်တမ်းတွင်ပါဝင်သူ ၁၄ ရာခိုင်နှုန်းသော ကုမ္ပဏီများက အကောက်ခွန်ကြောင့် တရုတ်ရင်းမြစ်ရှာဖွေမှုကို လျှော့ချနေခြင်းဖြစ်သည်ဟုဆိုသည်။ သို့သော် အကောက်ခွန်များနှင့် ပတ်သက်၍ ဖိအားနည်းသော်လည်း ပြိုင်ဘက်များက အခြားနေရာများတွင် ရင်းမြစ်ရှာဖွေနေစဉ်မှာ ဥရောပကော်ပိုရေးရှင်းများအနေဖြင့် ၎င်းတို့၏ နှစ်ချို့ထောက်ပံ့ရေး ကွင်းဆက်များကိုသာ တစ်ကျော့ပြန် လုပ်ဆောင်နေသည်။ အချို့ EU ကုမ္ပဏီများမှာ တရုတ်နိုင်ငံမှ ရင်းမြစ်များကို သုံးနေကြဆဲဖြစ်သည်။ အချို့ ဥရောပကုမ္ပဏီများသည် အိမ်နီးချင်းနိုင်ငံများကို

မျက်စိကျနေပြီး အထည်ချုပ်လုပ်ငန်းများသည် ယခုနှစ်တွင် ရိုမေးနီးယားနှင့် ပေါ်တူဂီတို့မှ ရင်းမြစ်ရယူမှုများ များပြားလာသည်။ သို့သော် တရုတ်နိုင်ငံမှထွက်ခွာခြင်း သည် လွယ်ကူသောအလုပ်မဟုတ်ပေ။

ကုမ္ပဏီများသည် နှစ်ပေါင်း ၂၀ ကျော်မျှ တရုတ်တို့နှင့်လက်တွဲလာခဲ့ပြီး တရုတ်၏ ကုန်ထုတ်လုပ်မှု အရည်အသွေးမှာလည်း များစွာတိုးတက်ပြောင်းလဲခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ကမ္ဘာလှည့်ခရီးသွားများ စည်ကားရာ ကမ်းခြေမြို့ရှိ ဆိုင်များတွင် တရုတ်နိုင်ငံထုတ် အမေရိကန်ဒေါ်လာ ၁၀ တန် ကမ်းခြေထိုင်ခုံများကိုတွေ့ရဆဲဖြစ်ပြီး ဒေါ်လာ ၈၀ တန် ထိုင်ခုံများလည်း ရှိသည်။ တရုတ်နိုင်ငံ၏ မြင့်တက်လာသော တန်ဖိုးကွင်းဆက်ကို အစားထိုးနိုင်မည့် နည်းပညာ သို့မဟုတ် ကျွမ်းကျင်မှုများသည် အခြားနိုင်ငံများတွင်မရှိချေ။ သို့ရာတွင် Myrtle ကမ်းခြေမှ Tsunami အမည်ရှိ ကမ်းခြေသုံး ပစ္စည်းအရောင်းဆိုင်မှ ဒေါ်လာ ၁၀ တန် ကမ်းခြေထိုင် ခုံမှာ အနည်းငယ်ထိုင်ထိုင်ရုံဖြင့် ကျိုးပဲ့နိုင်ပေသည်။ အိန္ဒိယနှင့်ပါကစ္စတန်တို့မှ ထုတ်ကုန်များသည် ပျက်စီးမှုနှုန်း ၃၃ % နှင့် ၃၇% အသီးသီးရှိပြီး ၂၀၁၉ ခုနှစ် အစပိုင်း မှစ၍ တောင်အာရှနိုင်ငံများ၏ ထုတ်ကုန်အရည်အသွေး ယိုယွင်းလာခဲ့သည်ဟု QIMA က သုံးသပ်ပြခဲ့သည်။ ကမ္ဘောဒီးယားတွင်လည်း ဒုတိယသုံးလပတ်တွင် စစ်ဆေးခဲ့သော ကုန်ပစ္စည်းအားလုံး၏ ၄၀ ရာခိုင်နှုန်းကျော် သည် အရည်အသွေးအားဖြင့် လက်ခံနိုင်စရာမရှိပေ။ ဒေသတွင်း ထုတ်ကုန်လုပ်ငန်းများသည် ပစ္စည်းသစ်များကို ပမာဏများများနှင့်ထုတ်လုပ်ရန် သို့မဟုတ် သင့်လျော်သော အရည်အသွေး စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတည်ထောင်ရန် လိုအပ်သောရင်းမြစ်များနှင့်အချိန် မရရှိနိုင်ပဲ များပြားလာသည့်ဝယ်လိုအား ဖြည့်ဆည်းနိုင်ရန် ရုန်းကန်နေကြရသည်။ EU နိုင်ငံများအနေဖြင့် ၎င်းတို့ဈေးကွက်အတွက် အိမ်နီးချင်းနိုင်ငံများကို တရုတ်နိုင်ငံ အသေးစားဖြစ်လာအောင် လုပ်ဆောင်ခြင်းကပိုမိုကောင်းပေလိမ့်မည်။ တရုတ်နိုင်ငံ၏ ထုတ်ကုန်အရည်အသွေးသည် ပိုမို ကောင်းလာပြီး QIMA ၏စစ်တမ်းအရ တရုတ်ကုန်ထုတ် လုပ်ငန်းများသည် ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်တွင် ၁၃ % တိုးတက်မှုရှိကြောင်း ပြသခဲ့သည်။ သို့သော် လုပ်ငန်း ၂၅ % ခန့်မှာ အရည်အသွေးပြည့်မီအောင် မထုတ်လုပ်နိုင်ကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

**Source:** http://www.mizzimaburmese.com/article/69039

## အိန္ဒိယဘဏ်လုပ်ငန်းကုမ္ပဏီ HDFC ၏ ရှယ်ယာတွေကို တရုတ်ဗဟိုဘဏ်က ဝယ်ယူ



အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသော အိမ်ယာဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေး ဝန်ဆောင်မှု ဘဏ်လုပ်ငန်း ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် HDFC Ltd ၏ ရှယ်ယာစုပေါင်း ၁ ဒသမ ၇၅ ကုဋေကို တရုတ်ဗဟိုဘဏ် (PBoC) က ဝယ်ယူခဲ့သည်ဟု သိရသည်။ အဆိုပါဝယ်ယူမှုကို ပြီးခဲ့သည့် မတ်လ သုံးလပတ်ကာလအတွင်းက လုပ်ဆောင်ခဲ့ဖွယ်ရှိသည်။ တရုတ်ဗဟိုဘဏ်သည် HDFC ၏ အစုရှယ်ယာပမာဏ၏ ၁ ဒသမ ၀၁ ရာခိုင်နှုန်း သို့မဟုတ် ရှယ်ယာပေါင်း ၁,၇၄,၉၂,၉၀၉ ကို ဝယ်ယူခဲ့ကြောင်း စတော့အိတ်စ်ချိန်း ဒေတာများအရ သိရသည်။ အဆိုပါ ရှယ်ယာ ဝယ်ယူမှုသည် ဇန်နဝါရီနှင့် မတ်လအကြား ကာလတွင်ဖြစ်ပေါ်ထားခဲ့ဖွယ် ရှိသည်။ ပြီးခဲ့သည့်သီတင်းပတ်များအတွင်း HDFC ၏ ရှယ်ယာတန်ဖိုးများ ကျဆင်းသွားခဲ့ခြင်းအားဖြင့်လည်း အဆိုပါ ရှယ်ယာ ဝယ်ယူမှုကအချိန်ကိုက်ဖြစ်ပေါ်ခဲ့ကြောင်း သိသာပေါ်လွင်နေသည်။ ဖေဖော်ဝါရီ ပထမအပတ်နောက်ပိုင်း ရှယ်ယာတန်ဖိုး များသည် ၄၁ ရာခိုင်နှုန်း ကျဆင်းထားခဲ့သည်။

HDFC ၏ ရှယ်ယာတန်ဖိုးများသည် ၂၀၂၀ ဇန်နဝါရီ ၁၄ ရက်က ရူပီး ၂,၄၉၉ ဒသမ ၆၅ ဖြင့် ၅၂ ပတ်ကြာ အမြင့်ဆုံး ရောက်ခဲ့ရာကနေ ၃၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အဆိုပါ တူညီသော ကာလအတော အတွင်း အိန္ဒိယ benchmark equity index စတော့ဈေးကွက်အညွှန်းကိန်း Sensex သည် ၂၅ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပြီး တစ်ချိန်တည်းမှာပင် Nifty 50 အညွှန်းကိန်း သည်လည်း ၂၆ ရာခိုင်နှုန်းကျဆင်း ခဲ့သည်။ HDFC ၏ ရှယ်ယာများသည် ဧပြီ ၁၀ ရက်တွင် ရူပီး ၁,၇၀၁ ဒသမ ၉၅ ဖြင့် ပိတ်သိမ်းခဲ့သည်။ လက်ရှိကာလအတွင်း HDFC အပေါ် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများဆီက သိသာထင်ရှားသည့် စိတ်ဝင်စားမှုများ ရှိနေခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ ဥပမာအားဖြင့် အိန္ဒိယ အသက်အာမခံကော်ပိုရေးရှင်း (LIC) က HDFC တွင်

ယင်း၏ ရှယ်ယာပါဝင်ထားမှုကို ဒီဇင်ဘာက ၄ ဒသမ ၂၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၄ ဒသမ ၆၇ ရာခိုင်နှုန်းကို တိုးမြှင့်ခဲ့သည်။ PBoC သည် ရှိရင်းစွဲ ရှယ်ယာရှင်တစ်ဦးဖြစ်ပြီး ၂၀၁၉ မတ်လအထိ ကုမ္ပဏီတွင် ရှယ်ယာ ဝ ဒသမ ၈ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကြောင်း HDFC ၏ ဒုဥက္ကဋ္ဌနှင့် စီအီးအို Keki Mistry က Moneycontrol ကို ပြောခဲ့သည်။ "သူတို့ဟာ တစ်နှစ်အတွင်း ရှယ်ယာတွေကို ဝယ်ယူစုဆောင်းထားခဲ့ပါတယ်၊ ခုတော့ သူတို့ဟာ ၁ ဒသမ ၁ ရာခိုင်နှုန်းကို ထိန်းသိမ်းထားပါပြီ" ဟု Mistry က ပြောသွားသည်။

တရုတ်တို့သည် အဓိက စီးပွားရေးနိုင်ငံများတွင် စတော့ဈေးကွက် ပြိုလဲမှု ဖြစ်စဉ်ကာလအတွင်း အာရှဒေသတွင်းရှိ အဓိက ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အစုရှယ်ယာများကို ဝယ်ယူမှုများ လုပ်ဆောင်ထားခဲ့သည်။ ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်တို့သည် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် အာရှနိုင်ငံများတွင် ယင်း၏ ရင်းနှီးမှုများကို သိသိသာသာ မြှင့်တင်ထားခဲ့သည်။ အထူးသဖြင့် အခြေခံအဆောက်အအုံ ပရောဂျက်များနှင့် နည်းပညာကုမ္ပဏီများတွင် ဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/68934

## ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းနေသော်လည်း ပီတီတီအီးပီအနေဖြင့် ကြိုတင်လျာထားချက်များအတိုင်း ဆက်လက်လည်ပတ်မည်

လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ၏ရိုက်ခတ်မှုကြောင့် ကမ္ဘာ့ရေနံဈေးကွက်မှာအကျပ်အတည်းနှင့် ရင်ဆိုင်နေရလျက်ရှိရာ ပီတီတီအီးပီမြန်မာ့စီမံကိန်းအနေဖြင့် ယခင်ကြိုတင်လျာထားချက်အတိုင်းသာ လုပ်ငန်းများကို ဆက်လက်လည်ပတ်လုပ်ဆောင်မည်ဖြစ်ကြောင်း ပီတီတီအီးပီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့ထံမှသိရသည်။ မကြာသေးမီက မြန်မာနိုင်ငံရှိ ဇော်တိကကမ်းလွန် စီမံကိန်း၏ 1A ၊ 1B နှင့် 1C တို့၏ လုပ်ဆောင်ဆဲအဆင့် များကို ပြန်လည်သုံးသပ်ခြင်းဆောင်ရွက်မှုတွင် စာချုပ်ပါ ကတိကဝတ်များအတိုင်း ခွင့်ပြုထားသော တိုးချဲ့ကာလအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည့် ရေနံသိုက်များ တည်ရှိနေကြောင်း ဖော်ပြထားရာ ထိုစီမံကိန်း၏စီးပွားရေးကဏ္ဍအလုံးစုံကို ထိခိုက်မှုမရှိနိုင်သောကြောင့် ID ၏လုပ်ဆောင်မှုအဆင့်အတွက် လိုအပ်သောဝယ်ယူမှုလုပ်ငန်းများကို ခေတ္တရွှေ့ဆိုင်းရန်ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်တို့ကို စာချုပ်ပါကတိကဝတ်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ကမ္ဘာ့ရေနံဈေးကျဆင်းခြင်းကြောင့် ရေရှည်တွင် ရောင်းအားပမာဏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ ပီတီတီအီးပီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သော Mr. Phongsthorn Thavisin က "ကိုဗစ်-၁၉ကြောင့် မတ်လကတည်းကဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှု ၆၀ ရာခိုင်နှုန်းဟာ အခုနှစ်အတွက် လျာထားတဲ့ ပီတီတီအီးပီရဲ့ ရောင်းအားပမာဏအပေါ် သိသိသာသာရိုက်ခတ်မှုရှိမှာမဟုတ်ပါဘူး။ အခုနှစ်အတွက် ကြိုတင်ရည်မှန်းထားတဲ့ တစ်ရက်ကို ရေနံစည်ပေါင်း ၃၈၈၀၀၀ ပျမ်းမျှ ရောင်းအားမှာ ငါးရာခိုင်နှုန်းအောက်သာ လျော့နည်းနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ ကုန်ထုတ်လုပ်မှုအများစုကို ကိုယ်စားပြုတဲ့ သဘာဝဓာတ်ငွေ့ ရောင်းချမှုပမာဏကို လည်း အရောင်းသဘောတူညီချက်စာချုပ်တွေအတိုင်း လုံလောက်စွာထုတ်လုပ်ပြီး ဖြစ်ပါတယ်။ စုစုပေါင်း ရောင်းအားရဲ့ ၃၀ ရာခိုင်နှုန်းကို နေရာယူထားတဲ့ ရေနံဈေး ရောင်းဈေးကတော့ ပြင်ပမှာ ဈေးနှုန်းမကျရေးအတွက် စီမံထားပေမယ့် ရေနံဈေးကွက် မတည်ငြိမ်မှုကြောင့် တိုက်ရိုက်သက်ရောက်မှု ရှိနေပါတယ်။ စီမံကိန်းအများစု အတွက် သဘာဝဓာတ်ငွေ့ဈေးနှုန်းကို ရောင်းဝယ်ရေး သဘောတူညီချက်တွေအတိုင်းချမှတ်ထားပြီးဖြစ်ပါတယ်။ ဒီလိုရေနံဈေးနှုန်း ကျဆင်းမှုဟာ ဆက်လက်ကြာရှည်နေမယ်ဆိုရင် အနာဂတ်မှာ ပီတီတီအီးပီအတွက် အကျိုးသက်ရောက်မှုကတော့ အတိုင်းအတာတစ်ခုအထိ ရှိလာမှာပါ"ဟု ပြောကြားသည်။ PTTEP Myanmar Asset သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသောကုမ္ပဏီတစ်ခုဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံများအတွက် ရေနံဓာတုပစ္စည်းများဖြည့်ဆည်းပေးနိုင်ရန် အဓိကဦးတည်ဆောင်ရွက်နေသောထိုင်းနိုင်ငံရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော PTT Exploration and produ-ction public Company Limited(P TTEP) ၏လုပ်ငန်းခွဲကုမ္ပဏီတစ်ခုဖြစ်ရာ ထိုင်းနိုင်ငံ၏ Stock Exchange တွင် ထိပ်တန်းကုမ္ပဏီ ၁၀ ခုစာရင်းဝင်အများပိုင် ကုမ္ပဏီတစ်ခုဖြစ်၍ ကမ္ဘာတစ်ဝန်း၌ ရေနံရှာဖွေထုတ်လုပ်ရေးစီမံချက်များ ဆောင်ရွက်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ထိုင်းတွင် ရွှေဈေးမြင့်တက်ပြီး ရောင်းချလိုသူများ တန်းစီနေ

ထိုင်းနိုင်ငံမှာ ရွှေဈေးဟာ ၇ နှစ်အတွင်း အမြင့်ဆုံးတက်သွားတာမို့ ငွေကြေးကျပ်တည်းနေတဲ့ ပြည်သူတချို့ဟာ ရွှေထည်ပစ္စည်းတွေကို ဧပြီလ ၁၅ ရက်က အပြေးအလွှားသွားရောင်းနေပါတယ်။ ဒါနဲ့ပတ်သက်လို့ ဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက ဆိုင်တွေအနေနဲ့ ငွေသားပြတ်သွားတာနဲ့ကြုံတွေ့နိုင်တာကြောင့် ပြည်သူတွေကို ထိန်းထိန်း သိမ်းသိမ်း လုပ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ ဘန်ကောက်မြို့ထဲက ရွှေဆိုင်တွေ အပြင်ဘက်မှာ အမြတ်အစွန်း လိုချင်တဲ့ ပြန်ရောင်းသူတွေနဲ့ တန်းစီနေသူတွေရှိပါတယ်။ ရွှေဈေးတွေ တက်နေတာကြောင့်လည်း ဒီသီတင်းပတ် အစောပိုင်းကတည်း က အကြာကြီး တန်းစီနေသူတွေကို မြင်တွေ့ရပါတယ်။ တခြားပြည်နယ်တွေမှာလည်းအလားတူ ရွှေပြန်ရောင်း သူတွေများပြားတဲ့ သတင်းတွေထွက်နေပါတယ်။

ဧပြီလ ၁၅ ရက် တနေတည်းမှာပဲ ရွှေဈေးဟာ ၆ ကြိမ်ထက် မနည်း အတက်အကျဖြစ်ခဲ့ပြီး ဘတ် ၅၀ ကွာဟခဲ့ပါတယ်။ ရွှေကုန်သည်များအသင်းအဆိုအရ နေ့လည် ၂ နာရီ ဝန်းကျင်မှာ ရွှေထည်ပစ္စည်း ရောင်းဈေး က အလေးချိန် တဘတ်သားကို ထိုင်းငွေ ၂၆,၄၅၀ ဘတ် ပေးရပြီး ဝယ်ဈေးကတော့ ဘတ် ၂၅, ၂၈၆ ကျော်ကျော် ပေးဝယ်ရပါတယ်။ ရွှေဆိုင်တွေမှာ ငွေတွေကုန်နေတာကြောင့် ဆိုင်တွေပိတ်တော့မယ်ဆိုတဲ့ သတင်းတွေ ဆိုရှယ်မီဒီယာမှာ ပျံ့နေပေမယ့် ရွှေကုန်သည်များအသင်းဥက္ကဋ္ဌကတော့ ဆိုင်တွေကိုဆက်ဖွင့်ထားမယ်လို့ပြောပါတယ်။ စီးပွားရေး အခက်အခဲဖြစ်နေတဲ့ ကာလမှာ ရွှေကုန်သည်တွေက ငွေလိုနေသူတွေကို ကူညီချင်နေတယ်လို့ ဘန်ကောက်ပို့စ် သတင်းမှာ ရေးပါတယ်။

**Source : DVB** https://news.ydnp.net/342057/

## STOCK EXCHANGE (21.4.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,000 | 10,000 | 10,000 | 5,400 | 54,000,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,650 | 3,700 | 3,650 | 2,816 | 10,294,250 | 38,929,150 | 142,091 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 8 | 172,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 209 | 585,200 | 12,823,224 | 35,905 |

## Market summary

As of 21st Apr. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 429.09 | -9.90 | -2.26% | 429.09 | 430.51 | 429.09 | 8,433 | 65,051,450 | 5 | 587,560 |

### Index chart




# Market Overview

As of 1:00 pm, 21st Apr. 2020

| MYANPIX | 429.09 ▼ 9.90 |
|---|---|
| Total Volume (shares) | 8,433 |
| Total Value (MMK) | 65 mil |
| Listed Company | 5 |
| Market Cap. (MMK) | 587,560 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |